ရေအိုးစင်ကျေးရွာ၊စမ်းကျေးရွာအုပ်စု

တိုက်ကြီးမြို့နယ်



ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံချက် (၂၀၂၄-၂၀၂၅)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီ

ရေအိုးစင်ကျေးရွာ၊ စမ်းကျေးရွာအုပ်စု၊ တိုက်ကြီးမြို့နယ်

(သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး၀န်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကကူညီရေးဆွဲသည်)

၂၀၂၄ခုနှစ်၊ ဒီဇင်ဘာလ (၁၆) ရက်

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ	
		မှ	ထိ
၁	စကားချီး	၃	၄
၂	ကျေးရွာ၏ သယံဇာတပြမြေပုံ	၅	၅
၃	ကျေးရွာ၏ ရာသီခွင်ပြ ပြက္ခဒိန်	၆	၆
၄	ကျေးရွာ၏အဖွဲ့အစည်းချိတ်ဆက်မှုပြပုံ	၇	၇
အပိုင်း(၁) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ			
၆	တည်နေရာနှင့် ပထဝီအနေအထား	၈	၈
၇	ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ	၈	၈
၈	ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ	၈	၈
၉	စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ	၈	၈
	(က) သီးနှံစိုက်ပျိုးရေး	၈	၉
	(ခ) မွေးမြူရေးလုပ်ငန်း	၉	၉
	(ဂ) ငါးလုပ်ငန်း	၉	၁၀
	(ဃ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ	၁၀	၁၀
	(င) ဘဏ်နှင့် ငွေးကြေးဆိုင်ရာဝန်ဆောင်မှု	၁၀	၁၀
၁၀	အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ	၉	၁၀
၁၁	ပညာရေး	၁၀	၁၀
၁၂	ကျန်းမာရေး	၁၁	၁၁
၁၃	ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး	၁၁	၁၁
၁၄	ကျား-မရေးရာ	၁၁	၁၂
၁၅	ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ	၁၂	၁၅
အပိုင်း (၂) စီမံချက်ဆိုင်ရာအချက်အလက်များ			
၁၆	ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း	၁၆	၁၆
၁၇	စီမံချက်ဆိုင်ရာ အချက်အလက်များ	၁၇	၁၈
နောက်ဆက်တွဲများ			
၁၈	ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ	၁၉	၉၁
၁၉	လက်ရှိပညာသင်ကြားနေသောကျောင်းသားစာရင်း	၉၂	၉၃

၂၀	ဥစ္စာဓနအဆင့်သတ်မှတ်ခြင်း	၉၁	၉၂
၂၁	ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား	၉၃	၁၀၁

စကားချီး

ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံချက်သည် ၂၀၂၄/၂၀၂၅ခု၊ ဘဏ္ဍာရေးနှစ်မှ ၂၀၂၈/၂၀၃၉ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော ကျေးရွာလူထုများကိုယ်တိုင်ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။

ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများနှင့် ရန်ပုံငွေပံ့ပိုးပေးသော သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ တိုက်ကြီးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးမှ စီမံကိန်းတာဝန်ခံဝန်ထမ်းများအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ထပ်ဆင့်ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သော နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်သော နည်း**လ**မ်းကို အသုံးပြု၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း အစီအစဉ်ရေးဆွဲနိုင်ရေးအတွက် ကျေးရွာ၏ဖွံ့ဖြိုးရေးစိတ်ပါဝင်စားပြီး ရေးတတ်ဖတ်ကျွမ်းကျင်သူ ကျေးရွာ(၁)ရွာလျှင် လူငယ်(၂)ဦးစီအား မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ သင်တန်းတက်ရောက်၍ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်များရေးဆွဲရာတွင် အထောက်အပံ့ဖြစ်စေရန် ပါဝင်ကူညီဆောင်ရွက်စေခဲ့ပါသည်။ ဤလုပ်ငန်းစဉ်များကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်းကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်းများ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာန ဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။


ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်းယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေး အခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများအခြေအနေများပါဝင်ပြီး၊ အပိုင်း (ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်းလုပ်ငန်း များ၏ အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ရေအိုးစင်ကျေးရွာ၊စမ်းကျေးရွာအုပ်စု
တိုက်ကြီးမြို့နယ်

ရေအိုးစင်ကျေးရွာ၊တိုက်ကြီးမြို့နယ်၊ သယံဇာတပြမြေပုံ




ရေအိုးစင်ကျေးရွာ၊တိုက်ကြီးမြို့နယ်၊ ရာသီခွင်ပြ ပြက္ခဒိန်

ရေအိုးစင်ကျေးရွာရာသီခွင်ပြက္ခဒိန်ရေးဆွဲခြင်း

အဖြစ်အပျက်များ	တန်ခူး	ကဆုန်	နယုန်	ဝါဆို	ဝါခေါင်	တော်သလင်း	သီတင်းကျွတ်	တန်ဆောင်မုန်း	နတ်တော်	ပြာသို	တပို့တွဲ	တပေါင်း
ရာသီဥတု												
အလုပ်အကိုင်	သာမာန်	အသင့်အတင့်	ကောင်း	အသင့်အတင့်	အသင့်အတင့်	ကောင်း	ကောင်း	ကောင်း	ကောင်း	ကောင်း	ကောင်း	သာမာန်
လက်လုပ်လက်စား /ဝင်ငွေ	ကောင်း	အသင့်အတင့်	အသင့်အတင့်	အသင့်အတင့်	အသင့်အတင့်	ကောင်း	ကောင်း	ကောင်း	ကောင်း	ကောင်း	ကောင်း	ကောင်း
အသုံးစရိတ်	နည်း	များ	များ	နည်း	နည်း	များ	များ	များ	များ	နည်း	များ	နည်း
ချေးငွေလိုအပ်မှု	မလို	လိုအပ်	လိုအပ်	လိုအပ်	လိုအပ်	မလို	မလို	မလို	လိုအပ်	မလို	မလို	မလို
ဝမ်းစာဖူလုံမှု												
သောက်သုံးရေရရှိမှု	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်
တိရိစ္ဆာန်အစာရရှိမှု	ရှား	ရှား	အသင့်အတင့်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	လုံလောက်	ရှား	ရှား	ရှား	ရှား
တိရိစ္ဆာန်ရောဂါရရှိမှု	ရှာနာ/ရှာနာ	ရှာနာ/ရှာနာ	ကောင်း	ကောင်း	ကောင်း	ကောင်း	ကောင်း	ကောင်း	ကောင်း	ကောင်း	ကောင်း	ကောင်း
ကျန်းမာရေး (များနားခြင်း)	ကောင်း	ကောင်း	တုပ်ကွေး	တုပ်ကွေး	ကောင်း	ကောင်း	ကောင်း	တုပ်ကွေး	နာရည်ယို	နာရည်ယို	ကောင်း	ကောင်း
သိန်ဝိုးမွှားကျရောက်မှု	နည်း	များ	များ	များ	များ	နည်း	နည်း	များ	များ	များ	များ	များ
ပွဲတော်	သင်္ကြန်ပွဲ	ဦးစေ့ရေသွန်းပွဲ		ဝါဆိုပွဲ			မီးထွန်းပွဲ	တန်ဆောင်တိုင်ပွဲ			ထမနဲပွဲ	
သဘာဝဘေး	မီးဘေး	လေဘေး	မိုး	ရေဘေး								မီးဘေး
ထွက်ငွေ	၁၀%	၅၀%	၅၀%	၅၀%	၅၀%	၁၀%	၃၀%	၆၀%	၃၀%	၅၀%	၅၀%	၅၀%

ရေအိုးစင်ကျေးရွာ၊ တိုက်ကြီးမြို့နယ်၊ အဖွဲ့အစည်းချိတ်ဆက်မှုပြပုံ



အပိုင်း(၁)

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

(၁) တည်နေရာအနေအထားနှင့် ပထဝီအနေအထား

ရေအိုးစင်ကျေးရွာသည် ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးခရိုင်၊ တိုက်ကြီးမြို့နယ် စမ်းကျေးရွာအုပ်စုတွင်ပါဝင်ပြီး တိုက်ကြီးမြို့နှင့်(၂၃)မိုင်ခန့် ကွာဝေးပါသည်။ ရန်ကုန်-ပြည် ကားလမ်းမကြီးနှင့်ဆက်သွယ်ထားသော ဥက္ကံ-သကြားစက် လမ်းဘေးကျေးရွာဖြစ်သည်။ ကျေးရွာသည် အုပ်ချုပ်ရေးရုံးစိုက်ရာ ဥက္ကံမြို့နှင့် အလွယ်တကူဆက်သွယ်သွားလာနိုင်သည်။ ကျေးရွာသည်မြေပြန့် ဒေသတွင်တည်ရှိပြီး အဓိကအသက်မွေးဝမ်းကြောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးနှင့် ပြည်ပသို့သွားရောက်ခြင်း ကျပန်းလုပ်ကိုင်လုပ်ကိုင်သူများဖြစ်ပါသည်။ မိုးစပါး၊ နှံ၊ မြေပဲ၊ မတ်ပဲနှင့်ပြောင်းစသည့် သီးနှံများကို အဓိကထားစိုက်ပျိုးကြပါသည်။ အခြားဝင်ငွေရလုပ်ငန်းများလည်း တွဲဖက်လုပ်ကိုင်လျက်ရှိပါ။ ဒေသ၏တစ်နှစ်ပျမ်းမျှမိုးရေချိန် လက်မ ၆၀ မှ ၇၀ ဝန်းကျင်ရှိပြီး ကျေးရွာ၏ စိုက်ပျိုးရေးလုပ်ငန်းများ အတွက်အသင့်အတင့် အထောက်အကူပြုပါသည်။ လယ်ယာမြေများမှာမိုး စိုက်ပျိုးရန်အတွက် အဓိက အားထားရာ ဖြစ်ပါသည်။

(၂)ရာသီဥတု နှင့်သဘာဝအရင်းအမြစ်

ကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားလုပ်ကိုင်သည့် ကျေးရွာဖြစ်ပါသည်။ ကျေးရွာတွင် စိုက်ပျိုးမြေ အဓိကကောင်းမွန်မှုရှိပြီးပါသည်။ ကျေးရွာသည်ဆည်ရေရသဖြင့် မိုးစပါး အပြင် နှံ၊ မြေပဲ၊ မတ်ပဲနှင့်ပြောင်းစသည့် စိုက်ပျိုးနိုင်သည်။ ထွန်ယက်စိုက်ပျိုးနိုင်သည့်ဧကမှာ (၁၄၃) ဧကဖြစ်ပြီးမိုးစပါးနှင့်မတ်ပဲကို အဓိကထားစိုက်ပျိုးကြသည်။ ပြောင်း၊မြေပဲနှင့်နှံစိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူများလည်းရှိကျသည်။ ကျေးရွာသည် စိုက်ပျိုးရေးမွေးမြူရေးလုပ်ကိုင်ရန် သင့်တင့်သည့် ကျေးရွာဖြစ်သည်။ ကျေးရွာတွင်သဘာဝသယံဇာတများမထွက်ရှိပါ။

(၃) ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာတွင်း လူမှုရေးဆိုင်ရာအဖွဲ့အစည်း(၃)ဖွဲ့၊ ပညာရေးအဖွဲ့(၁)ဖွဲ့၊ ဘာသာရေး(၁)ဖွဲ့ လုံခြုံရေးအဖွဲ့(၂)ဖွဲ့ ရှိပါသည်။ ကျေးရွာအတွင်းဖွဲ့စည်းထားသည့် အစုအဖွဲ့များသည် မိမိတို့နှင့် သက်ဆိုင်ရာကဏ္ဍအလိုက်ဖြစ်သည့် လုပ်ငန်းတာဝန်များအား တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ကြပါသည်။ ယင်းအဖွဲ့အစည်းများ အနက်ပြင်ပမှ ဖွဲ့စည်းပေးထားသော အဖွဲ့များမရှိပါ။ ကျေးရွာတွင်း လူမှုရေးအဖွဲ့မှာ လှုပ်ရှားဆောင်ရွက်မှုအားကောင်းသည်။ ဘာသာရေးနှင့် ဝါတွင်း ကာလပတ်လုံး ဆွမ်းလောင်းကြပါသည်။ ကျေးရွာတွင်းဘာသာရေးနှင့် ပတ်သတ်၍ ကလေးငယ်များ ယဉ်ကျေး လိမ္မာလာစေရန်အတွက် နွေရာသီအခြေခံယဉ်ကျေးမှုသင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိပါသည်။ ကျေးရွာရှိအဆိုပါအဖွဲ့အစည်းများမှာ တစ်ဖွဲ့နှင့်တစ်ဖွဲ့ကြား ပြင်ပမှလူမှုရေးအဖွဲ့အစည်းများ၊ အရပ်ဖက် အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်မှု အတန်အသင့် ကောင်းမွန်ကြောင်းတွေ့ရှိ ရပါသည်။သက်ဆိုင်ရာဌာနအဖွဲ့အစည်းအနေဖြင့် မြို့နယ်လျှပ်စစ်ဦးစီးဌာနနှင့် မြို့နယ်ကျေးလက်

ဦးစီးဌာနတို့မှ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးပါသည်။ အခြားဌာနဆိုင်ရာအဖွဲ့အစည်းများ အနေဖြင့် ကျန်းမာရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနတို့မှ အသိပညာပေး ကိစ္စရပ်များ တစ်ခါတစ်ရံသာရှိပါသည်။

(၄) စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေအနေအထားမှာ သာမန်အားဖြင့် လျော့နည်းသည်။ဆင်းရဲချမ်းသာအဆင့် သတ်မှတ်မှုတွင် အိမ်ထောင်စု(၃၃)စုသည် ဆင်းရဲအဆင့်ရှိပြီး (၃၅)မှာအလယ်အလတ်ရှိသည့် အိမ်ထောင်စုများအဖြစ် ခံယူကြပြီး(၄)စုမှာ ချမ်းသာသည့်အဆင့်ရှိသည်ဟုသတ်မှတ်ကြသည်။ ကျေးရွာတွင်မြေပိုင်ဆိုင်မှု၊ အလုပ်အကိုင် ရှားပါးခြင်းကြောင့် ကျေးရွာစီးပွားရေး အနေအထားမှာ အသင့်အတင့်သာရှိသည်ဟုပြောနိုင်သည်။ ယင်းတို့အနက် အလယ်အလတ်အဆင့်သည် ကျေးရွာတွင်အများဆုံးဖြစ်ပြီး မြေယာပိုင်ဆိုင်သော လယ်သမားများ လက်လုပ်လက်စား၊ မြေယာမဲ့ အိမ်ထောင်စုများ ပါဝင်သည်ကိုတွေ့ရှိရသည်။ ကျေးရွာတွင် မိုးစပါးနှင့် မတ်ပဲတို့ကို အဓိကထားစိုက်ပျိုးကြသည်။ လယ်သမားအများစုသည် လုပ်ငန်းခွင်အတွက် အလုပ်သမား မလုံလောက်မှုပြဿနာကို ရင်ဆိုင်ရတတ်ပြီး လုပ်အားခပိုမိုပေးမှ အလုပ်သမားများကို ငှားရမ်းရရှိနိုင်ကြကာ ကုန်ကျစရိတ်မြင့်မားသည်။ ကျေးရွာတွင်း မိုးစပါး၊ နွေစပါးကို အဓိကထား စိုက်ပျိုးကြသည်။ မိုးစပါး စိုက်ဧက(၁၄၃)ဧက၊ နှံစိုက်ဧက(၂)ခန့်၊ မြေပဲ(၁၀)ဧက၊မတ်ပဲစိုက်ဧက(၅၀)နှင့်ပြောင်း(၃)စိုက်ဧက စိုက်ပျိုးကြသည်။ တချို့တောင်သူများမှာ အလုပ်သမားရှားပါးမှုနှင့် ကုန်ကျစရိတ်မြင့်တက်မှုတို့ကို ကျော်လွှားနိုင်ရန် စပါးစိုက်ရာတွင် ကြဲပက်စနစ်ကိုသုံးကြသည်။ တောင်သူများသည်တခါတရံတွင် မိုးရွာသွန်းမှုမညီမျှမှုရင်ဆိုင်ရတတ်သည်။ စပါးစိုက်ခင်းတွင်ကျရောက်သောဖျက်ပိုးများသည် ပိုးသတ်ဆေးအားခံနိုင်ရည်အားရှိသဖြင့်ထိရောက်သောဆေးများဖြင့် ဖျက်ပိုးနှိမ်နင်းမှုလိုလားနေကြသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ရေအိုးစင်ကျေးရွာသည်မွေးမြူရေးလုပ်ငန်းအနေဖြင့် ကျေးရွာတွင်လုပ်ကိုင်ခြင်းမရှိပါ။

(ဂ)ငါးလုပ်ငန်း

ရေအိုးစင်ကျေးရွာသည် မြေပြန့်ဒေသဖြစ်သောကြောင့်ငါးလုပ်ငန်းလုပ်ကိုင်ခြင်းမရှိပါ။

(ဃ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောလုပ်ငန်းများ

စိုက်ပျိုးရေးလုပ်ငန်းမှာ၇၀၀၀/ကျပ်မှ၁၀၀၀၀/ကျပ်အထိရပါသည်။ ကျေးရွာတွင်အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းမရှိပါ။အခြားဝင်ငွေရလုပ်ငန်းများမှာ နေ့စားအလုပ်များ၊ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများ၊ လက်သမား၊ ပန်းရံ၊ ဈေးရောင်း၊ ခေါင်းရွက်ဗျပ်ထိုးလုပ်ငန်းတို့ဖြစ်ကြသည်။ ကျေးရွာတွင်အလုပ်လုပ်နိုင်သောဦးရေများပြားပြီးအလုပ်အကိုင်အခွင့်အလမ်းနည်းပါးဆဲဖြစ်ပါသည်။ ကျေးရွာသူ/သားများမှာ စက်ချုပ်သင်တန်း၊ ဇာထိုးပန်းထိုး၊ ဆံပင်အလှပြင်သင်တန်း၊ မုန့်လုပ်ငန်း

စသည့် အိမ်တွင်းမှုလုပ်ငန်းများနှင့် ဆိုင်ကယ်ပြင်သင်တန်း၊ စက်ပြင်သင်တန်း၊ ဝါယာထိန်း၊ မိုဘိုင်းဖုန်းပြင်၊ကားမောင်း၊ အင်ဂျင်(ဝပ်လျှော့)ပြင် သင်တန်းစသော အသက်မွေးဝမ်းကျောင်းသင်တန်းများ တတ်မြောက်မှုနည်းပါးခြင်းကြောင့် ကျွမ်းကျင်မှုအခြေခံသည့် အလုပ်အကိုင်ရရှိမှုအခွင့်အလမ်းနည်းပါးပါသည်။

(c) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ကျေးရွာတွင်စိုက်ပျိုးသူများမှာ စိုက်ပျိုးရေးဘဏ်မှ ငွေကိုအတိုးနှုန်း ((၄၂)ပြားတိုးဖြင့်ထုတ်ချေးနိုင်သည်။ သို့ရာတွင်ကျေးရွာအနေဖြင့် အိမ်ထောင်စုများပြားပြီး ချေးငွေအားအလုံအလောက်မရရှိခြင်းကြောင့်ပညာရေး၊ ကျန်းမာရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းအတွက် အရေးပေါ်လိုအပ်လာပါက အတိုးပေးချေးသူ/ မိတ်ဆွေ/ ဆွေမျိုးများထံတွင် ချေးယူရပြီး တစ်လလျှင် အတိုးနှုန်း(၅)ကျပ် မှ (၁၀)ကျပ်နှုန်းအထိ အတိုးကြီးမားစွာဖြင့်ချေးယူကြရပါသည်။

(၅) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

ကျေးရွာတွင်းလမ်းမှာ မြေသားလမ်းဖြစ်သောကြောင့် မိုးရာသီတွင်သွားလာရခက်ခဲသည်။ ကလေးများပညာသင်ကြားနိုင်ရေး ကျေးရွာမူလတန်းကျောင်းတွင် ပညာသင်ကြားနိုင်ပြီး ကျွန်းတောကုန်းအထက်တန်းကျောင်းသို့သွားရောက်ပညာသင်ကြားရသည်။ ကျေးလက် ကျန်းမာရေးဆေးပေးခန်းနှင့်ကျေးရွာအုပ်ချုပ်ရေးမှူးရုံးမှာမရှိသေးပါ။ ကျေးရွာတွင်းလျှပ်စစ်မီးကို ကိုယ်ထူကိုယ်ထစနစ်ဖြင့်တပ်ဆင်အသုံးပြုနေပြီးမီးအားနည်းသည်။ မီးကြိုး၊ မီးတိုင်များမှာနှစ်ကာလကြာခြင်း၊ မီးသုံးစွဲရာတွင်ကြိုးများဟောင်းနွမ်းအရည်အသွေးပြည့်မီမှုမရှိခြင်းကြောင့်မီးဘေးအန္တရာယ်နှင့်တွေ့ရှိရပါသည်။ ငွေကြေးမတတ်နိုင်သည့် အိမ်ထောင်စုများအနေဖြင့် တပ်ဆင်နိုင်ခြင်းမရှိသေးပါ။ ကျေးရွာတွင် အင်တာနက်အသုံးပြုနိုင်မှုမှာ အသင့်အတင့်မျှသာ ကောင်းမွန်ပြီး အခြားသတင်းအချက်အလက်များအတွက်ချိတ်ဆက်အသုံးပြုနိုင်သည်။ကျေးရွာသူ/သားများအနေဖြင့် ကျေးရွာဖွံ့ဖြိုးရေးကဏ္ဍတွင် များစွာစိတ်ပါဝင်စားလျက်ရှိပြီးအကောင်အထည်ဖော်ဆောင်ရွက်သော လုပ်ငန်းအားလုံး၌ပြီးမြောက်အောင်မြင်အောင် ကိုယ်ထူကိုယ်ထစနစ်ဖြင့် ဆောင်ရွက်တတ်ကြပါသည်။

(၆) ပညာရေး

ရေအိုးစင်ကျေးရွာသည် ကျေးရွာရှိကလေးများအနေဖြင့် ကျေးရွာမူလတန်းကျောင်းတွင် ပညာသင်ကြားနိုင်ပြီး အထက်တန်းပညာရေးကို ကျွန်းတောကုန်း အထက်တန်းကျောင်းအထိသွားရောက်၍ပညာသင်ကြားကြရပါသည်။ ကျေးရွာရှိကျောင်းသားများ အဆင့်ပြေစွာ ပညာသင်ကြားနိုင်ရေးကျောင်းကို အလျား(၆၀)ပေ၊ အနံ(၃၀)ပေ၊ အမြင့်(၁၈)ပေ (၁)ဆောင်၊ အလျား(၆၀)ပေ၊ အနံ(၂၅)ပေ၊ အမြင့်(၁၈)ပေ (၁)ဆောင် မူလတန်းကျောင်းတွင် ပညာသင်ကြားနိုင်ကြသည်။ ကျောင်းသား/သူများမှာစာသင်ကျောင်းသို့ စက်ဘီး၊ ခြေလျှင်၊ ဆိုင်ကယ်တို့ဖြင့်သွားရောက်ကာ ပညာသင်ကြားနိုင်ကြသည်။ ကျောင်းတွင် ပရိဘောဂ လုံလောက်မှုရှိပြီး ဆရာ/မ (၅)ယောက်အခမဲ့ ပညာရေးစနစ်ဖြစ်သောကြောင့် မူလတန်း ပညာကျောင်းထွက်နှုန်းမရှိဘဲ ကျောင်းတတ်နှုန်း မြင့်မားပါသည်။

ကျေးရွာမှကျောင်း၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးလျက်ရှိပါသည်။ သို့သော်တက္ကသိုလ် ပညာဆက်လက် သင်ကြားနိုင်မှုနည်းသည်။

(၇) ကျန်းမာရေး

ကျွန်ုပ်တို့ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်းမရှိသောကြောင့် စမ်းကျေးရွာအုပ်စုကျေးလက်ဆေးပေးခန်းသို့ သွားရောက်ကြရပြီး အရေးပေါ်ကိစ္စရပ်များအတွက် ဥက္ကံတိုက်နယ်ဆေးရုံနှင့်တိုက်ကြီးမြို့နယ်ပြည်သူ့ဆေးရုံသို့ သွားရောက်ကုသကြပါသည်။ ကျေးရွာတွင်ကျန်းမာရေးဌာနမှ ကျေးရွာသူ/ သားများ၏ ကျန်းမားရေးကိစ္စများ၊ ကာကွယ်ဆေးထိုနှံမှုတို့ကို ဆောင်ရွက်ပေးမှုများရှိပါသည်။သောက်သုံးရေအတွက် အဝီစိတွင်းစက်တပ်(၅၀)တွင်း ရှိပါသည်။ အိမ်တိုင်းစေ့ယင်လုံအိမ်သာသုံးစွဲကြပီး အချို့ကအုတ်ကျင်းဖြင့် ဆောက်လုပ်ကြပြီး အချို့အိမ်ထောင်စုများမှာ ကျောက်ခွေဖြင့်သုံးစွဲကြသည်။ ရေကြောင့်ဆက်စပ်ဖြစ်ပွားသော ရောဂါများမရှိပါ။ ရေလုံအိမ်သာကိုချမ်းသာသောအိမ်ထောင်စုများက အိမ်သာကိုအုတ်ဖြင့် ဆောက်လုပ်ကြပြီး ဆင်းရဲသော အိမ်ထောင်စုများက ဝါးရိုင်ပတ်ဖြင့် ဆောက်လုပ်သုံးစွဲကြသည်။ တစ်ရွာလုံးနီးပါး ယင်းလုံအိမ်သာ သုံးစွဲကြသဖြင့် ယင်ကြောင့်ဖြစ်ပွားတက်သော ဆက်စပ်ရောဂါများဖြစ်ပွားမှု နည်းပါသည်။ စာသင်ကျောင်းတွင်လည်း ယင်လုံအိမ်သာကိုစနစ်တကျဆောက်လုပ်ထားသဖြင့် ကျောင်းသူ/သားများအတွက် အသုံးပြုရလွယ်ကူပါသည်။ရာသီအကူးအပြောင်းကာလများတွင် တုတ်ကွေး၊ ဝမ်းပျက်/ဝမ်းလျှော ဖြစ်ပွားမှုများပြားပါသည်။

(၈) ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်ကျင်ထိန်းသိမ်းရေး

ကျေးရွာတွင်းစပါးစိုက်ခင်းများ၌ သဘာဝမြေဩဇာများ အသုံးပြုမှုနည်းပါးလာပြီး ဓါတုမြေဩဇာများအသုံးပြုမှုများလာသောကြောင့် မြေဆီလွှာများပိုမိုပျက်စီးရပါသည်။ မြေဆီလွှာများပျက်စီးခြင်း၊ မြေဩဇာဓျေးနှုန်းများမြင့်မားခြင်းကြောင့် စပါးအထွက်နှုန်းများ လျော့နည်းလာကာ အမြတ်ကျန်ရှိမှု နည်းပါးလာပါသည်။ စပါးစိုက်ခင်းများတွင် မြစ်ရေကြီးခြင်း၊ ဖျက်ပိုးများကြရောက်ခြင်းကြောင့်ပိုးသတ်ဆေးများ အလွန်အကျွံသုံးစွဲလာပြီး မြေဆီလွှာများပျက်စီးလာရပါသည်။ တောင်သူများ အနေဖြင့်စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုတွင် ပလစ်စတစ်အိပ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စွန့်ပစ်ရာတွင် တွင်းတူး၍မမြှုပ်နှံဘဲ လယ်ကွင်းထဲအင်းအိုင်များထံသို့ စွန့်ပစ်သောကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်လာနိုင်ပါသည်။

၉။ ကျား/မရေးရာ

ရေအိုးစင်ကျေးရွာတွင် ကျား ၊မ ရေးရာ ဆက်နွယ်မှုအနေအထားမှာ တည်ငြိမ်ကောင်းမွန်ပါသည်။ မိသားစုများတွင် ကျား၊ မ တို့၏ အခန်းကဏ္ဍအသီးသီးကို ရပ်ရွာသတ်မှတ်ချက်များအတိုင်းကျင့်သုံးကြပါသည်။ ကျား၊ မ အကြားပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှု ခွဲခြားဆက်ဆံခြင်းကိစ္စများ မတွေ့ရပါ။ ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည်သာမန်အားဖြင့် ပညာရေးနှင့်

အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။ ပညာရေးနှင့် ဆိုင်သောကိန်းဂဏန်းများတွင် မူလတန်း၊ အလယ်တန်း၊ အထက်တန်းများရှိ ကျား၊မ အရေအတွက်မှာ ကွာခြားခြင်းရှိသဖြင့် အမျိုးသမီးများအတွက် ပညာသင်ယူရေးဆိုင်ရာ အခွင့်အရေးမှာ အမျိုးသားများထက်များပြားပါသည်။ကျေးရွာတွင် နေ့တွက်လုပ်အားခမှာ အမျိုးသားနှင့် အမျိုးသမီးများတန်းတူရရှိကြပါသည်။အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင်အမျိုးသမီးပါဝင်မှုတို့မှာ အလွန်နည်းပါးလျှက်ရှိသော်လည်းအခြားလူမှုရေးအသင်းအဖွဲ့များတွင် အသင့်အတင့်ပါဝင် ဆောင်ရွက်ကြပါသည်။ ကျား၊မတန်းတူညီမှုနှင့် ပတ်သတ်၍ အသိပညာပေးခြင်းများကို မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျား၊ မ တန်းတူညီမှု၊ ဖွံ့ဖြိုးမှု့တို့အတွက် ပိုမိုအထောက်အပံ့ ဖြစ်လာနိုင်ပါသည်။

(၁၀) ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

ရေအိုးစင်ကျေးရွာ၏စီမံချက်အလိုက် ဦးစားပေးအစီအစဉ်များကိုဇယားဖြင့် ဖော်ပြထားပါသည်။ ကျေးရွာလူထုများသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ် အစည်းအဝေးတွင် စီမံချက်များဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ခဲ့ကြပါသည်။ တချို့စီမံချက်များရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာအကူအညီများရရှိရန်လည်းလိုအပ်ပါသည်။ ကျေးရွာလူထုမှ ဦးစားပေးနှစ်အလိုက် ရွေးချယ်ထားသော ဖော်ထုတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများကို သက်ဆိုင်ရာဦးစီးဌာနများ၏ ဘတ်ဂျတ်များတွင် လျာထားဆောင်ရွက်နိုင်ရေးအတွက် ဌာနနှင့် ကျေးရွာလူထုများမှ ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက် လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

စဉ်	စီမံချက်(Project)	**ဦးစားပေးအဆင့်**	၂၀၂၄ ၂၀၂၅	၂၀၂၅ ၂၀၂၆	၂၀၂၆ ၂၀၂၇	၂၀၂၇ ၂၀၂၈	၂၀၂၈ ၂၀၂၉
၁	ကျေးရွာတွင်းဂဝံလမ်းရရှိရေး (၁၂၂၀'x၁၂'x၉'')	၁	√				
၂	မွေးမြူရေးလုပ်ငန်းထူထောင်ပေးရေး	၂		√			
၃	မြစိမ်းရောင်ကျေးရွာစီမံကိန်းရရှိရေး	၃		√			
၄	ကျေးရွာစာကြည့်တိုက်ရရှိရေး (၂၀'x ၃၀'x၁၂')	၄		√			
၅	ကျေးရွာတွင်း လမ်းမီးတိုင်များရရှိရေး ၁၀၀	၅			√		

၆	မီးသတ်ဆေးဗူးများရရှိရေး	၆			√		
၇	ကျေးလက်ဆေးပေးခန်းရရှိရေး (၂၀'x ၃၀'x၁၂')	၇			√		
၈	ကျေးရွာတွင်လူနာတင်ယဉ်ကားရရှိရေး	၈			√		
၉	အောင်စီဂျင်အိုးများရရှိရေး	၉				√	
၁၀	အားကစားကွင်းတည်ဆောက်နိုင်ရေး	၁၀				√	
၁၁	ကျေးရွာတွင်းကွန်ကရစ်လမ်းရရှိရေး (၁၀၀၀'x၁၂'x၇'')	၁၁				√	
၁၂	စိုက်ပျိုးရေးသွင်းအားစုနှင့် နည်းပညာရရှိရေး	၁၂					√
၁၃	လယ်ယာသုံးစိုက်ပျိုးရေးအတွက် စက်ကိရိယာများ ရရှိရေး	၁၃					√
၁၄	ရေသန့်စက်ရရှိရေး (၁၀'x၁၀'x၂၀')	၁၄					√
၁၅	ကျေးရွာမူကြိုကျောင်းရရှိရေး (၆၀'x ၃၀'x၁၂')	၁၅					√
၁၆	ကွန်ပျူတာသင်တန်းရရှိရေး	၁၆					√

(၁၁) ရေအိုးစင်ကျေးရွာ၊စမ်းကျေးရွာအုပ်စု ဦးစားပေးလုပ်ငန်းများ အဆင့်ခွဲခြားသတ်မှတ်ချက်

စဉ်	စီမံ ချက်	အကဲဖြတ် အမှတ် ပေးသူ (၁)	အကဲဖြတ် အမှတ် ပေးသူ (၂)	အကဲဖြတ် အမှတ် ပေးသူ (၃)	အကဲဖြတ် အမှတ် ပေးသူ (၄)	အကဲဖြတ် အမှတ် ပေးသူ (၅)	အကဲဖြတ် အမှတ် ပေးသူ (၆)	အကဲဖြတ် အမှတ် ပေးသူ (၇)	အကဲဖြတ် အမှတ် ပေးသူ (၈)	အကဲဖြတ် အမှတ် ပေးသူ (၉)	အကဲဖြတ် အမှတ် ပေးသူ (၁၀)	စုစုပေါင်း	အဆင့်
၁	ကျေးရွာတွင်းဂဝံလမ်းရရှိရေး (၁၂၂၀'x၁၂'x၉'')	၁၀	၁၀	၁၀	၁၀	၁၀	၈	၁၀	၉	၁၀	၁၀	၉၇	၁
၂	မွေးမြူရေးလုပ်ငန်းထူထောင်ပေးရေး	၉	၉	၇	၉	၉	၈	၉	၇	၉	၉	၈၅	၂
၃	မြစိမ်းရောင်ကျေးရွာစီမံကိန်းရရှိရေး	၈	၆	၈	၇	၈	၈	၉	၈	၈	၆	၈၅	၃
၄	ကျေးရွာစာကြည့်တိုက်ရရှိရေး (၂၀'x ၃၀'x၁၂')	၇	၅	၇	၇	၆	၇	၇	၄	၇	၇	၇၆	၄
၅	ကျေးရွာတွင်း လမ်းမီးတိုင်များရရှိရေး ၁၀၀	၆	၆	၅	၆	၆	၄	၆	၈	၆	၆	၇၄	၅
၆	မီးသတ်ဆေးဗူးများရရှိရေး	၆	၆	၆	၅	၅	၅	၅	၈	၇	၆	၅၉	၆
၇	ကျေးလက်ဆေးပေးခန်းရရှိရေး	၅	၆	၆	၅	၅	၅	၅	၈	၇	၆	၅၈	၇

	(၂၀'x ၃၀'x၁၂')												
၈	ကျေးရွာတွင်လူနာတင်ယဉ်ကားရရှိရေး	၅	၆	၆	၅	၄	၅	၅	၇	၇	၅	၅၅	၈
၉	အောင်စီဂျင်အိုးများရရှိရေး	၅	၆	၆	၅	၄	၅	၅	၇	၇	၄	၅၄	၉
၁၀	အားကစားကွင်းတည်ဆောက်နိုင်ရေး	၅	၆	၆	၅	၄	၅	၅	၇	၆	၄	၅၃	၁၀
၁၁	ကျေးရွာတွင်းကွန်ကရစ်လမ်းရရှိရေး (၁၀၀၀'x၁၂'x၇'')	၅	၆	၆	၅	၄	၅	၅	၄	၆	၄	၅၀	၁၁
၁၂	စိုက်ပျိုးရေးသွင်းအားစုနှင့် နည်းပညာရရှိရေး	၅	၆	၅	၅	၄	၅	၅	၄	၆	၄	၄၉	၁၂
၁၃	လယ်ယာသုံးစိုက်ပျိုးရေးအတွက် စက်ကိရိယာများ ရရှိရေး	၄	၅	၅	၄	၄	၅	၅	၄	၅	၄	၄၅	၁၃
၁၄	ရေသန့်စက်ရရှိရေး (၁၀'x၁၀'x၂၀')	၄	၅	၅	၃	၄	၅	၅	၄	၅	၄	၄၄	၁၄
၁၅	ကျေးရွာမူကြိုကျောင်းရရှိရေး (၆၀'x ၃၀'x၁၂')	၄	၅	၄	၃	၄	၅	၄	၄	၅	၄	၄၂	၁၅
၁၆	ကွန်ပျူတာသင်တန်းရရှိရေး	၄	၄	၄	၃	၄	၅	၄	၄	၅	၄	၄၃	၁၆

(၁၂) စမ်းရွာကျေးရွာအုပ်စု၊ ရေအိုးစင်ကျေးရွာ ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ကော်မတီဝင်စာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးအုံးလွင်	ဦးမှတ်ကြီး	၁၂/တကန(နိုင်)၀၄၁၉၆၇	၅၈	ဥက္ကဋ္ဌ	၀၉-၇၇၀၆၃၈၈၆၂
၂	ဦးမောင်မောင်	ဦးသံချောင်း	၁၂/တကန(နိုင်)	၅၈	အဖွဲ့ဝင်	
၃	ဦးဝင်းမောင်	ဦးတင်အုန်း	၁၂/တကန(နိုင်)၀၉၆၀၈၁	၆၂	အတွင်းရေးမှူး	
၄	ဦးလွန်းတင်	ဦးမြမောင်	၁၂/တကန(နိုင်)	၅၇	အဖွဲ့ဝင်	
၅	ဒေါ်လှဆင့်	ဦးထွန်းရွှေ	၁၂/တကန(နိုင်)၀၇၁၇၃၀	၅၃	အဖွဲ့ဝင်	၀၉-၇၆၃၅၀၆၆၄၈
၆	ဒေါ်သန္တာစိုး	ဦးစိုးဝင်း	၁၂/တကန(နိုင်)၁၃၆၆၇၂	၃၇	အဖွဲ့ဝင်	၀၉-၉၇၆၄၅၆၆၇၀
၇	ဒေါ်ချိုလွင်	ဦးညဏ်တင်	၁၂/တကန(နိုင်)၂၅၅၃၇၅	၄၆	အဖွဲ့ဝင်	

စမ်းကျေးရွာအုပ်စု၊ ရေအိုးစင်ကျေးရွာ ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းဝယ်ယူရေးဆပ်ကော်မတီဝင်စာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးမောင်မောင်	ဦးသံချောင်း	၁၂/တကန(နိုင်)	၄တန်း	ဥက္ကဋ္ဌ(ဝယ်ရေး)	
၂	ဒေါ်လှဆင့်	ဦးထွန်းရွှေ	၁၂/တကန(နိုင်)၀၇၁၇၃၀	၄တန်း	ဘဏ္ဍာရေးမှူး	၀၉-၇၆၃၅၀၆၆၄၈
၃	ဒေါ်သန္တာစိုး	ဦးစိုးဝင်း	၁၂/တကန(နိုင်)၁၃၆၆၇၂	ဘွဲ့ရ	စာရင်းကိုင်	၀၉-၉၇၆၄၅၆၆၇၀

စီမံချက်ဆိုင်ရာ အချက်အလက်များ

စီမံချက်အဆိုပြုလွှာ(သို့) စီမံချက်အကြောင်းအရာ (Project Profile)

ကျေးရွာ - ရေအိုးစင်ကျေးရွာ ကျေးရွာအုပ်စု - စမ်းကျေးရွာအုပ်စု မြို့နယ် - တိုက်ကြီးမြို့နယ် တိုင်း/ပြည်နယ် - ရန်ကုန်တိုင်းဒေသကြီး	
စီမံချက်အမည် - ကျေးရွာတွင်းဂဝံလမ်းခင်းခြင်းလုပ်ငန်း(၁၂၂၀'x၁၂'x၉'')	
စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ ကျေးရွာတွင်းလမ်းမှာမြေသားလမ်းဖြစ်သောကြောင့်မိုးရာသီတွင် ကျောင်းသား/သူများ သွားလာရခက်ခဲခြင်း၊သက်ကြီးရွယ်အိုများ၊ရဟန်းသံဃာများ သွားလာရခက်ခဲသောကြောင့် ဂဝံလမ်းလိုအပ်ခြင်းဖြစ်ပါသည်။	
စီမံချက်ရည်ရွယ်ချက်(လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်) ကျောင်းသား/သူများသက်ကြီးရွယ်အိုများ၊ရဟန်းသံဃာများသွားလာရလွယ်ကူစေရန်အတွက် ကျေးရွာတွင်း ဂဝံလမ်းခင်းခြင်း ဆောင်ရွက်သွားမည်။ ရေရှည်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ကျေးရွာရန်ပုံငွေထားရှိသွားမည်။	
မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက်ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ) ကျေးရွာတွင်း ဂဝံလမ်းရရှိ၍ ကျေးရွာသူ/သားများ ပညာရေး ၊ကျန်းမားရေး၊ လူနေမှုအဆင့်အတန်းများ မြင့်မားလာစေရမည်။	
စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏ လုပ်ရမည်) သက်ဆိုင်ရာဦးစီးဌာန၏ ထောက်ပံ့ငွေ၊ နည်းပညာအကူအညီနှင့် ကျေးရွာသူ/သားများ၏ လုပ်အား၊ ထည့်ဝင်ငွေများဖြင့်လုပ်ငန်းအား အရည်သွေးပြည့်မီစွာနှင့် သတ်မှတ်ကာလအတွင်း လုပ်ငန်းအား အောင်မြင်စွာဆောင်ရွက်သွားမည်။	
စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု	
ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	ထည့်ဝင်မည့် အစီအစဉ်

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်	၁၃၁	၁၅၇	၂၈၈	၄	၃၅	၃၃		၇၂
အကျိုးခံစားမည့်သူ ဦးရေ	၁၃၁	၁၅၇	၂၈၈	၄	၃၅	၃၃		၇၂
မှတ်ချက်။ ချောင်လည်အဆင့် - ၁၊ အလယ်အလတ်အဆင့် -၂၊ ဆင်းရဲ-၃၊ အလွန်ဆင်းရဲ - ၄								

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း(များ) - ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ - ကျေးရွာလူထု - ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
(၂) စီမံချက်စတင်မည့် အချိန်ခန့်မှန်း -ဖ.၁၁.၂၀၂၄
(၃) စီမံချက် ပြီးစီးမည့် အချိန် - ၁၀.၁.၂၀၂၄
(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် - ကျေးရွာသူ/သားများအနေဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းအား အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော ငွေအား/လုပ်အား/ကုန်ကြမ်းပစ္စည်းများ ရရှိနိုင်ရေးအတွက် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူး/ရွာသူကြီး၊ ဆယ်အိမ်မှူး/ရာအိမ်မှူးများ၊ ကျေးရွာရပ်မိရပ်ဖများမှ ဦးဆောင်၍ ရွာလုံးကျွတ် အစည်းအဝေး ကျင်းပပြုလုပ်ခြင်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။
(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီ၊ ရပ်မိရပ်ဖများနှင့် ရွာသူရွာသားများ ပူးပေါင်း၍ လုပ်ငန်းများအချိန်မီပြီးစီးရေး၊ အရည်အသွေးပြည့်မှီရေးတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပြီး ကျေးရွာတွင်းဂဝံလမ်းခင်းခြင်းအတွက် ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့် ရပ်ရွာမှ တာဝန်ပေးအပ်ထားသောသိတတ်နားလည်သည့် ကြီးကြပ်သူများမှ ဦးဆောင်မှုဖြင့် ကျေးရွာသူ / သားများပူးပေါင်း၍ လုပ်ငန်းလည်ပတ်နိုင်ရေးနှင့် ငွေကြေးဆိုင် ရာကိစ္စရပ်များအား စနစ်တကျ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

နောက်ဆက်တွဲ (၂)

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(ခ) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (ခ) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	မသန်စွမ်းသူ အရေအတွက်	
					ကျား	မ
၁ နှစ် အောက်	နို့စို့အရွယ်	၂	-	၂		
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၅	၃	၈		
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၆	၁၅	၂၁		
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၉	၈	၁၇		
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၁၀၂	၁၁၄	၂၁၆		
၆၅ နှစ် နှင့် အထက်	သက်ကြီးရွယ်ကြီး	၇	၁၇	၂၄		
စုစုပေါင်း ၂၈၈ ဦး		**၁၃၁**	**၁၅၇**	**၂၈၈**		
စုစုပေါင်း အိမ်ထောင်စု ၇၂ စု						

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်းအိမ်ထောင်စုပေါင်း(၇၂)စုနှင့်စုစုပေါင်းလူဦးရေမှာ(၂၈၈)ဦးရှိပါသည်။၁နှစ်အောက်နို့စို့အရွယ်ကျား(၂)ဦးရှိပါသည်။၁နှစ်မှ၅နှစ်အောက်ကလေးငယ် ကျား(၅)ဦး၊ မ(၃)ဦး မူလတန်းကျောင်းနေအရွယ် ကျား(၆)ဦး မ(၁၅)ဦးရှိပြီး အလယ်တန်းကျောင်းသားအရွယ်ကျား(၉)ဦးမ(၈)ဦးတို့ရှိပါသည်။ အလုပ်လုပ်နိုင်သောအရွယ်ရှိလူဦးရေမှာ ကျား(၁၀၂)ဦးနှင့် မ(၁၁၄)ဦးရှိပြီးအလုပ်လုပ်နိုင်သည့်လူပေါများကာလူသားအရင်း အမြစ်ကောင်းတစ်ရပ်ဖြစ်ပါသည်။ သက်ကြီးရွယ်အို (၂၄)ဦးရှိကြောင်း လေ့လာတွေ့ရှိရပါ သည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာ တစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
စိုက်ပျိုးစီးပွား လုပ်ငန်းများ								
၁	**လယ်ယာစိုက်ပျိုးရေး**							
	ကိုယ်ပိုင်လုပ်ငန်း	၂၁	၂၈	၁	၁၅	၁၃၀		မြင့်☐ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၁၉	၅၆	၅	၂၂	၃၄	၁၈	မြင့် ☐ လတ် ☐ နိမ့် ☑
၂	**တိရစ္ဆာန် မွေးမြူရေး**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား /							မြင့် ☐ လတ်☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာ တစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား	အမျိုးသမီး ဦးဆောင် သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	ဝန်ထမ်း							နိမ့် ☐
၄	**သစ်တောလုပ်ငန်း**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ								
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၆	**ထုတ်ကုန်လုပ်ငန်း**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာ တစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား	အမျိုးသမီး ဦးဆောင် သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**							
	ကိုယ်ပိုင် လုပ်ငန်း	၁	၂	-	၁	၁		မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆရာဝန်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**							
	ကိုယ်ပိုင်						၃	မြင့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာ တစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား	အမျိုးသမီး ဦးဆောင် သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	လုပ်ငန်း							လတ်☑ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □
၁၁	**လက်လီ- လက်ကား ရောင်းဝယ်ရေး**							
	ကိုယ်ပိုင် လုပ်ငန်း	၄	၆	၂	၂	၄		မြင့် □ လတ်☑ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် □ လတ်□ နိမ့် □

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာ တစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစု ဝင်လုပ်အား	အမျိုးသမီး ဦးဆောင် သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် □ လတ်□ နိမ့် □
	အလုပ်						၁	မြင့် □

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာ တစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား	အမျိုးသမီး ဦးဆောင် သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	သမား / ဝန်ထမ်း							လက်☑ နိမ့် ☐
၁၇	**ပညာရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လက်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၁	၁			၁		မြင့် ☐ လက်☐ နိမ့် ☑
၁၈	**ကျန်းမာရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လက်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လက်☐ နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လက်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လက်☐ နိမ့် ☑

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**							
	ကိုယ်ပိုင်လုပ်ငန်း							☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား							
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၂၆	၅၂	၇	၂၈	၂၄	၂၁	မြင့် ☐ လတ်☑ နိမ့် ☐
	စုစုပေါင်း	၇၂	၁၉၉	၁၆	၆၈	၇၇	၄၃	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်လယ်ယာစိုက်ပျိုးရေးကိုယ်ပိုင်အိမ်ထောင်စု(၁၉)စု၊ လယ်ယာစိုက်ပျိုးရေးအငှားအိမ်ထောင်စု(၁၉)စု၊ဆောက်လုပ်ရေး(၁)စု၊ဈေးရောင်းအိမ်ထောင်စု(၄)စု၊ ကျောင်းဆရာအိမ်ထောင်စု(၁)စု၊ ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင် လုပ်ကိုင်သည့်အိမ်ထောင်စု(၂၆)စုနှင့် ငါးဖမ်းလုပ်ငန်းတွဲဖက်လုပ်ကိုင်သူ (၅)ဦးရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့်ကျား၊ မအလိုက် အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၁၀၀၀၀	၈၀၀၀	၈၀၀၀	၆၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း)	နေ့စား				
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ် လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၁၅၀၀၀	၁၀၀၀၀	၁၀၀၀၀	၈၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး	နေ့စား				
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊	နေ့စား				

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
	အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)					
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား				

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)

(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင်လယ်ယာလုပ်ငန်းခွင်တွင် နေ့စားလုပ်ကိုင်နေသော အမျိုးသား တစ်ဦးလျှင် အများဆုံးတစ်နေ့လျှင် (၁၀၀၀၀)ကျပ်နှင့် အမျိုးသမီးအများဆုံးတစ်နေ့လျှင် (၈၀၀၀) ကျပ်ရရှိကြပါသည်။အနည်းဆုံးလုပ်အားခနှုန်းထားမှာ တစ်နေ့လျှင် အမျိုးသားတစ်ဦးလျှင် (၈၀၀၀) ကျပ်နှင့် အမျိုးသမီးတစ်ဦးလျှင် (၆၀၀၀)ကျပ်ရရှိကြောင်းတွေ့ရှိရပါသည်။

(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ

ဧယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်)		
လယ်မြေ	၉၉	ကောင်း ☐	သင့် ☑	ညံ့ ☐
ယာမြေ / တောင်ယာမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ဥယျာဉ်ခြံမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ကိုင်း/ကျွန်းမြေ	၄၄	ကောင်း ☐	သင့်☑	ညံ့ ☐
ဓနိတောမြေ		ကောင်း ☐	သင့်☐	ညံ့ ☐

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်)		
စားကျက်မြေ		ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ်မြေလပ်		ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	၁၄၃	☒		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊(၃)လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်းစိုက်ပျိုးမြေ(၉၉)ဧက၊ကိုင်း/ကျွန်းမြေ(၄၄)ဧကခန့်ရှိပြီး မြေဆီလွှာ အရည်အသွေးမှာညံ့သောကြောင့်သီးနှံအထွက်နှုန်းမကောင်းကြောင်းတွေ့ရပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။)	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☑ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
ကျောက်၊သဲ၊ကျောက်စရစ်စသည်များ	များ ☐ သင့်☑ နည်း ☐ မရှိ ☐	လွယ် ☑ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☑အပြောင်းအလဲမရှိ

			☐
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့် ☐ နည်း ☑ မရှိ ☐	လွယ်☐ ခက်☑ အသုံးမပြုနိုင်ပါ ☐	လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့် ☐ နည်း ☑ မရှိ ☐	☒	လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐
ရေ - မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း)	များ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑	လျော့ ☐ တိုး☐ အပြောင်းအလဲမရှိ ☑
ရေ - မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း)	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
သစ်တော - အပူပိုင်းသစ်တော	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑
သစ်တော - ဒီရေတောများ	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း- ရပ်မိရပ်ဖအုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်းရေနံဓါတ်သတ္တုနှင့်အခြားစသည် သဘာဝအရင်းအမြစ်များမထွက်ရှိပါ။ကျောက်ရောမြေများအနည်းငယ်တွေ့ရသည်။ သဘာဝတိရစ္ဆာန်မျိုးစိတ်များအနည်း

ငယ်ရှိသည်။နွားစာနှင့်အခြားဆေးဖက်ဝင်အပင်အနည်းငယ်သာတွေ့ရသည်။ အပူပိုင်းသစ်တောနှင့် ဒီရေတောများမရှိပါ။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသော အိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့်ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့်ဆိုင်သောပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေးလုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၄	၃၅	၃၃	

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင်းအိမ်ထောင်စုပေါင်း(၇၂)စုရှိပြီးအဆင်ပြေသော အိမ်ထောင်စု(၄)စု၊ အလယ်အလတ်ရှိသောအိမ်ထောင်စု(၃၅)စု၊ ဆင်းရဲသောအိမ်ထောင်စု(၃၃)စု အဆင်

ပြေသောအိမ်ထောင်စုများမှာ သွပ်မိုးပျဉ်ထောင်အိမ်များကိုပိုင်ဆိုင်ကြပြီး လက်တွန်းထွန်စက်၊ ချေလှေ့စက်နှင့် ရေစုပ်စက်များကိုပိုင်ဆိုင်ကြသည်။ အလယ်အလတ်ရှိသောအိမ်ထောင်စုများမှာ သွပ်မိုးထရံကာအိမ်နှင့် နွားလှည်းကိုပိုင်ဆိုင်ကြကာ လယ်ယာလုပ်ငန်းကိုသာ အဓိကထားလုပ်ကိုင်ကြသည်။ ဆင်းရဲသည့်အိမ်ထောင်စုများမှာ သက်ကယ်မိုး၊ ထရံကာနှင့်ဝါးအိမ်များကိုသာ ပိုင်ဆိုင်ကြကာ ကျပန်းလုပ်ကိုင်စားသောက်ကြရပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စုအရေအတွက်	အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုအရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
၃လအောက်ဝမ်း စာဖူလုံမှု	၁၀		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား =_____ အထောက်အပံ့ယူ = _____ ချေးယူ = ၁၀ လုပ်အားခကြိုယူ = _____
၃လနှင့်၆လကြား ဝမ်းစာဖူလုံမှု			အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____

အချိန်ကာလ	အိမ်ထောင်စု အရေ အတွက်	အမျိုးသမီးဦး ဆောင်သည့် အိမ်ထောင်စု အရေ အတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီ အလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော် ပြရန်)
			အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
ဖြစ်မှသာလျှင်အထိ ဝမ်းစာဖူလုံမှု			အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____

ရင်းမြစ်..ဥစ္စာဓနအဆင့်“၃”နှင့်“၄” အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအား စစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင်းဆင်းရဲသောအိမ်ထောင်စုများ၏ ဝမ်းစာဖူလုံမှုစစ်တမ်းကောက်ယူရာတွင် (၁၀)အိမ်ထောင်စုမှာ(၃)လ အောက်ဝမ်းစာဖူလုံမှုမရှိကြောင်းနှင့်ချေးငှားခြင်းကောက်စိုက်ပေး၊ စပါးရိတ်ပေးများဖြင့် ကြိုတင်လုပ်အားခ ထုတ်ယူခြင်းဖြင့် ဝမ်းရေးအတွက် ဖြေရှင်းနေကြကြောင်းတွေ့ရှိရပါသည်။

(c-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖြင့်နှစ်နှင့်အထက်			
မိသားစု/ရုပ်ရှာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ်			
	အိမ်ထောင်စုအရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု	၅		
ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု	၁၂		
အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့်အိမ်ထောင်စု			

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်မရှိပါ။

(ဂ-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့် ဘေးအန္တရာယ်လျော့ချရေးအစီအမံများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့် အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	မြစ်ရေကြီးမှု	✓		✓	✓		
၂	လျှပ်တပြတ်ရေကြီးခြင်း				✓		

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့် အစီအမံများ)		
၃	မုန်တိုင်းဒီရေ				✓		
၄	ဆူနာမီ				✓		
၅	တိုင်ဖုန်းမုန်တိုင်း				✓		
၆	လေဆင်နှာမောင်း				✓		
၇	ငလျင်				✓		
၈	အပူလှိုင်း				✓		
၉	စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု						
၁၀	အအေးလှိုင်း				✓		
၁၁	မိုးသီးကြွေကျမှု				✓		
၁၂	မိုးခေါင်ခြင်း				✓		
၁၃	တောမီးလောင်ခြင်း	-			-		
၁၄	မြစ်ကမ်းပါးပြိုခြင်း	-			-		
၁၅	ကမ်းရိုးတန်းတိုက်စားမှု	✓			✓		
၁၆	မြေပြိုခြင်း	-			-		
	လူကြောင့်ဖြစ်တဲ့ဘေးအန္တရာ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့် အစီအမံများ)		
	ယ်များ						
၁၇	စားနပ်ရိက္ခာမဖူလုံမှု		✓			✓	
၁၈	သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ရေ)	✓			✓		
၁၉	မြေပြိုခြင်း၊မြေဆီလွှာပျက်စီးခြင်း		✓			✓	
၂၀	သစ်တောပြုန်းတီးခြင်း	✓			✓		
၂၁	၄က်ဖျားရောဂါ				✓		
၂၂	တီဘီရောဂါ				✓		
၂၃	ကိုယ်ခံအားကျဆင်းမှုရောဂါ				✓		
၂၄	ကပ်ရောဂါ	✓				✓	
၂၅	ပြည်တွင်းပဋိပက္ခ				✓		
၂၆	တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု		✓			✓	
၂၇	လူကုန်ကူးခြင်း				✓		
၂၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ် ရေးခက်ခဲခြင်းစသည်		✓			✓	

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လူငယ်အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်ယခုနှစ်မြစ်တွင် မြစ်ရေတိုက်စားမှုကြောင့်ဘုန်းတော်ကြီးကျောင်းကမ်းပါးတစ်နှစ်လျှင်ပေခန့်ပြုကျတိုက်စားခံရပါသည်။ ငလျှင်၊ မုန်တိုင်း အစရှိသည့် သဘာဝဘေးအန္တရာယ်များကျရောက်မှုမရှိပါ။ အလုပ်အကိုင်ရှားပါးခြင်းကြောင့် စားနပ်ရိက္ခာမဖူလုံမှုနှင့်ကြုံတွေ့ရသည်။ တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု များရှိတတ်ကြကြောင်း တွေ့ရှိရပါသည်။

(၄-၄) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေ မည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	လူငယ်	✓			✓		
၂	အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့် အိမ်ထောင်စု	✓			✓		
၃	ဆင်းရဲသားတောင်သူ	✓			✓		
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက် နိုင်သောအိမ်ထောင်စု/ကူးစက်ရောဂါထူပြောသောဒေသတွင်နေထိုင်သူ	✓			✓		
၅	ပင်လယ်/မြစ်ကမ်းဘေးနေထိုင်သူများ	-					

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေ မည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၆	မတော်တဆမှုဖြစ်နိုင်ချေများသော နေရာတွင်နေထိုင်သူများ	-					
၇	ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံ ရသူ များ (IDP)	-					
၈	မြေနိမ့်ပိုင်းနေထိုင်သူများ	-					
၉	ငါးကန်ပိုင်ရှင်များ	-					
၁၀	လက်လုပ်လက်စားများ၊ကျပန်း များ		✓		✓		
၁၁	လူနည်းစုလူမျိုးများ	-					
၁၂	ဒေသတွင်းပဋိပက္ခဧရိယာတွင်နေ ထိုင်သူများ	-					
၁၃	နယ်စပ်ဒေသတွင်နေထိုင်သူများ	-					
၁၄	ရွှေတွင်းလုပ်သားများ	-					
၁၅	လှည့်လည်သွားလာ၍စျေးရောင်း သူများ		✓			✓	
၁၆	နေရပ်ပြန်အခြေချသူများ	-					

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေ မည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁၇	ရွှေ့ပြောင်းလုပ်သားများ	-					
၁၈	ကားမောင်းပြီးအသက်မွေးသူများ	-					

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင်းလူငယ်များမှာ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်းနှင့် အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုများမှာနှင့် ကျပန်းလုပ်ကိုင်စားသောက်သည့် အိမ်ထောင်စုများမှာအလုပ်အကိုင်ရှားပါးခြင်းနှင့် လုပ်အားခဝင်ငွေနည်းပါးခြင်းတို့ကြောင့် ထိခိုက်မှုများရှိနိုင်ကြောင်းမည်သို့ထိခိုက်မှုမရှိအောင်ဆောင်ရွက် ရမည်ကိုလည်းမသိရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(၂) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ

(က-၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၁	ဓမ္မစကြာနှင့် ပဋ္ဌာန်းအဖွဲ့	၁□၂☑၃□	၈	၉	၁၇	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး	ကောင်း☑ သင့်□ညံ့□

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
						□ လုံခြုံရေးနှင့်ကာကွယ်ရေး□	
၂	ကျောင်းကော်မတီ	၁☑၂□၃□	၃	၁	၄	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း☑ သင့်□ညံ့□
၃	ကျေးရွာလုံခြုံရေးအဖွဲ့	၁☑၂□၃☑	၅	-	၅	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့်ကာကွယ်ရေး☑	ကောင်း□ သင့်☑ ညံ့□
၄	လူငယ်အဖွဲ့	၁□၂☑၃□	၁၀	၁၂	၂၂	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်☑ ညံ့□

စဉ်	အဖွဲ့ အစည်း အမည်	အမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၅	လမ်းကော်မတီ	၁□၂☑၃□	၄	၃	၇	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်☑ ညံ့□
၆	ရပ်မိရပ်ဖ	၁□၂☑၃□	၄	-	၄	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်☑ ညံ့□
၇	မိုးသတ်အဖွဲ့	၁☑၂□၃□	၄	၃	၇	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း☑ သင့်□ ညံ့□

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု။

အုပ်စုအမျိုးအစား

(၁) **စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ငွေစုငွေချေးအဖွဲ့စသည့်။**

(၂) **လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊လူငယ်အဖွဲ့၊ကိုယ်ထူကိုယ်ထအဖွဲ့။**

(၃) ဘာသာရေးနှင့်ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်အဖွဲ့အစည်းများရှိ၍ ကျေးရွာစည်းလုံညီညွတ်မှုရှိကြောင်း လေ့လာတွေ့ ရှိရပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့်အစီအစဉ်(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁		၁□၂□၃□၄□၅□၆□၇□	ပညာရေး□ကွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၂		၁□၂□၃□၄□၅□၆□၇□	ပညာရေး□ကွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၃		၁□၂□၃□၄□၅□၆□၇□	ပညာရေး□ကွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၄		၁□၂□၃□၄□၅□၆□၇□	ပညာရေး□ကွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့်အဓိကအစဉ်(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၅		၁□၂□၃□၄□၅□၆□၇□	ပညာရေး□ကွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၆		၁□၂□၃□၄□၅□၆□၇□	ပညာရေး□ကွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။ ။ကျေးရွာတွင်ပြင်ပမှလာရောက်ဖွဲ့စည်းထားသောအဖွဲ့များမရှိပါ။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ –မမွေစကူးလ်ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ရန်ပုံငွေဖြင့်ဆောင်ရွက်သောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ရန်ပုံငွေဖြင့်ဖွဲ့စည်းထားသောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှဒေသအကျိုး၊ပြည်သူ့အကျိုးကိုထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာဥပဒေ၊နည်းဥပဒေ၊လမ်းညွှန်ချက်များဖြင့်ပြဋ္ဌာန်းကာဖွဲ့စည်းပေးထားနေသောအဖွဲ့အစည်း၊အသင်းအဖွဲ့များ

(ဥပမာ- - သမဝါယမဦးစီးဌာန၏သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

၏မြစိမ်းရောင်စသည်) တို့ကိုဤဇယားတွင်ထည့်သွင်းဖော်ပြခြင်းမပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။ပြင်ပမှလာရောက်ဆောင်ရွက်သောအဖွဲ့အစည်းများမရှိပါ။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှုအရွယ်အစား (မြေပိုင်ဆိုင်သည့်အိမ်ထောင်စုများ)

ဇယား (၁၃) စိုက်ပျိုးမြေပိုင်ဆိုင်မှု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စုအရေအတွက်	အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုအရေအတွက်	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	၅၃	၁၀	မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက်	၁	-	ဆင်းရဲသားတောင်သူ
၃	၂.၅ဧကမှ၅ဧကကြား	၁၀	၃	တောင်သူငယ်
၄	၅ဧကမှ၁၂.၅ဧကကြား	၅	၁	တောင်သူလတ်
၅	၁၂.၅ဧကအထက်	၃	-	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စုစုစုပေါင်း		၇၂	၁၄	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်မြေယာမဲ့အိမ်ထောင်စု(၅၃)စုရှိ၍ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု(၁၉)စု ရှိပြီးကျပန်းအိမ်ထောင်စုများပြားကြောင်းလေ့လာတွေ့ရှိရပါသည်။

(၂) အစိုးရနှင့်ပုဂ္ဂလိကရေအရင်းအမြစ်များမှရေသွင်းနိုင်သည့်ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက်(၈က)	ရေရရှိနိုင်မှု		
			တစ်နှစ်ပတ်လုံး/ရာသီအလိုက်(မှန်ရာတစ်ခုကိုသာရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□ မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၂	ရေလွှဲဆည်		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□ မဖြေဆိုပါ□	လျော့□တိုး□ ပြောင်းအလဲမရှိ□
၃	မြစ်ရေတင်စီမံကိန်း		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□ မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၄	ရေသွင်းမြောင်း		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□ မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၅	အဝီစိတွင်း		တစ်နှစ်ပတ်လုံး☑ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ☑ မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ☑

စဉ်	အရင်းအမြစ်	ရေသောက်(ဧက)	ရေရရှိနိုင်မှု		
			တစ်နှစ်ပတ်လုံး/ရာသီအလိုက်(မှန်ရာတစ်ခုကိုသာရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)
၆	လက်ငင်းရေတွင်း		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□ မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၇	စိမ့်စမ်းရေ		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□ မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၈	ချောင်းရေ		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□ မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□

ရင်းမြစ်... (၁)ဦးတည်အုပ်စုဆွေးနွေးခြင်း- လယ်သမားအုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ရေအိုးစင်ကျေးရွာသည် တဘူးဆည်မကြီးနှင့်ရေလွှဲဆည်ကြားတွင် ရှိသောကြောင့်ရေသွင်းစိုက်ပျိုးသောသီးနှံမရှိပါ။လယ်ယာစိုက်ပျိုးရေးအတွက် မိုးရေးတမျိုးတည်း သာသုံးစွဲကျသည်။ ကိုင်း/ ကျွန်းမြေများတွင်သာ ချောင်းရေကိုနွေအခါရံဖန်ရံခါသုံးစွဲကြပါသည်။

၃) အဓိကသီးနှံများနှင့်အထွက်နှုန်း

ဧယား (၁၅) အဓိကသီးနှံများနှင့်အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ကေ	တစ်ကေအထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာရွေးရန်)	အမြတ်ရရှိနိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ			
မိုးစပါး	၁၄၃	တင်း	၃၀	၅၀	၄၀	နယုန်	တန်ဆောင်မုန်း	မြင့်□ လတ်☑ နိမ့်□	မြင့်□ လတ်☑ နိမ့်□	မြင့်□ လတ်☑ နိမ့်□
နှမ်း	၂	တင်း	၂	၅	၃	တော်သလင်း	တပေါင်း	မြင့်□ လတ်□ နိမ့်☑	မြင့်□ လတ်□ နိမ့်☑	မြင့်□ လတ်□ နိမ့်☑
မြေပဲ	၁၀	တင်း	၁၀	၂၀	၁၅	တန်ဆောင်မုန်း	တန်ခူး	မြင့်□ လတ်☑ နိမ့်□	မြင့်□ လတ်☑ နိမ့်□	မြင့်□ လတ်☑ နိမ့်□
မတ်ပဲ	၅၀	တင်း	၁၀	၂၅	၂၀	သီတင်းကျွတ်	တို့တွဲ	မြင့်□လတ်☑နိမ့်□	မြင့်□လတ်☑ နိမ့်□	မြင့်□လတ်☑ နိမ့်□

သီးနှံ	စုစုပေါင်းစိုက်ကေ	တစ်ကေအထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာရွေးရန်)	အမြတ်ရရှိနိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ			
						တ်				
ပြောင်း	၃	တင်း	၅၀	၈၀	၆၀	တန်ဆောင်မုန်း	တန်ခူး	မြင့်□ လတ်☑ နိမ့်□	မြင့်□ လတ်☑ နိမ့်□	မြင့်□ လတ်☑ နိမ့်□

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်မိုးစပါးကိုအဓိကထားစိုက်ပျိုးကျသည်။ နွေရာသီတွင် မတ်ပဲ၊နှမ်း၊မြေပဲ၊မတ်ပဲနှင့်ပြောင်းများစိုက်ပျိုးကျသည်။ ဖျက်ပိုးများကျရောက်ခြင်းကြောင့် ပိုးသတ်ဆေးနှင့် ဓာတုဆေးဝါးများသုံးစွဲကျရသည်။အမြတ်ရရှိမှုမှာနည်းကြောင်းလေ့လာတွေ့ရှိ ရပါသည်။

၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်း ပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသောတောင်သူအရေအတွက်
ထွန်စက်				
လက်တွန်းထွန်စက်	၆			၁၃

စက်အမျိုးအစား	တစ်ဦးချင်း ပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသောတောင်သူအရေအတွက်
အစေ့ချကိရိယာ				
ရိတ်သိမ်းခြွေလှေ့စက်	၁			၁၈
ရိတ်သိမ်းစက်				
ခြွေလှေ့စက်				
ရေစုပ်စက်	၂			
ခြေနင်းရေတင်စက်				
မြက်ရိတ်စက်	၂			

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လှေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်လက်ထွန်စက်(၆)လုံး၊ ရိတ်သိမ်းခြွေလှေ့စက်(၁)လုံး၊ ရေစုပ်စက်(၂)လုံး ၊မြက်ရိတ်စက်(၂)လုံးရှိကြောင်းတွေ့ရှိရသည်။ စက်ကိရိယာငှားရမ်းသုံးစွဲသည့် အိမ်ထောင်စုတွေရှိကြောင်းလှေ့လာ တွေ့ရှိရပါသည်။

(၅) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ

အခွင့်အလမ်း	**ဖော်ပြချက်/ရှင်းလင်းချက်** (မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ ဖြေဆိုရန်မလိုအပ်ဟု ယူဆသော အချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
သဘာဝရေမြေရာသီဥတုအနေအထား	**အလွန်ကောင်း□ကောင်း□သင့်တင့်မျှတ☑မဖြေဆိုပါ□**

